Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Post Election (043/2010)

# နအဖရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၃/၂၀၁၀)

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့မှ နိုဝင်ဘာလ (၂၀) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- နေပြည်တော်ရှိ စစ်အစိုးရဝန်ထမ်းများက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆို၊ အားတက်နေကြောင်းနှင့် လက်ရှိမပြေလည်သည့် ဘ၀များအတွက် အပြောင်းအလဲဖြစ်လာမည်ဟု ယုံကြည်နေကြကြောင်း နေပြည်တော်ရှိဒေသခံများကပြောသည်။ **(VOA 161110)** Read More...
- ဒေါ်အောင်ဆန်းစုကြည် သတင်းများ ဖော်ပြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီအစား ဖျက်သိမ်းပြီး **NLD** ပါတီဆိုသည့်စာသားကို အစားထိုးသုံးရန် စာပေစိစစ်ရေးက ဂျာနယ်တိုင်းကို မဖြစ်မနေထည့်သွင်းရေးခိုင်းနေကြောင်း ပြည်တွင်းသတင်းထောက်တစ်ဦးကပြောသည်။ **(VOA 191110)** Read More...
- ကရင်နီပြည်နယ် လွိုင်ကော်မြို့ရှိ လူသွားလူလာများသော ပန်ကန်းဂိတ်တွင် ရွေးကောက်ပွဲမတိုင်မီကတည်းက စစ်ဆေးမှုများ ပြုလုပ်နေပြီး ယခု ရွေးကောက်ပွဲပြီးချိန်တွင်လည်း စစ်အစိုးရ စစ်သားများနှင့် ရဲများ၏ စစ်ဆေးမှုမှာ ပိုဆိုးလာသည်ဟု လွိုင်ကော်မြို့မှဒေသခံတစ်ဦးကပြောသည်။ **(KT 201110)** Read More...

## (ခ) ရွေးကောက်ပွဲကော်မရှင်

- လားရှိုးမြို့နယ် ရွေးကောက်ပွဲကော်မရှင်များက ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ **SNDP** ခေါင်းဆောင် ၄–၅ ယောက်နှင့် လွှတ်တော် အမတ်လောင်း ၂–၃ ယောက်တို့ကို နိုင်ဝင်ဘာလ ၁၁ ရက်နေ့က ခေါ်ယူတွေ့ဆုံ၍ ၎င်းတို့အပေါ်အငြိုး အတေးမထားရန် အထက်အမိန့်အရလုပ်ရခြင်းဖြစ်ကြောင်း နားလည်ပေးရန်ပြောသည်ဟု လားရှိုးမှ **SNDP** အမတ်လောင်းတစ်ဦးကပြောသည်။ **(S.H.A.N 161110)** Read More ...
- ရွေးကောက်ပွဲ တရားမျှတမှုမရှိခြင်းနှင့် ရွေးကောက်ပွဲရလဒ်အပေါ် ကန့်ကွက်ခြင်းစသည့် အကြောင်းအရာများကို ရွေးကောက်ပွဲကော်မရှင်ထံ တိုက်ရိုက်တိုင်ကြားရန်နှင့် သတင်းဌာနများ၊ ဂျာနယ်များတွင် ပြောဆိုနေခြင်းများသည် ဥပဒေပြဌာန်းချက်နှင့်ငြိစွန်းနေသည်ဟု စစ်အစိုးရသတင်းစာတွင် ရေးသားဖော်ပြထားသည်။ **(VOA 171110)** Read More...



pdfMachine - is a pdf writer that produces quality PDF files with ease!
Get yours now!
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- နေပြည်တော်ရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်သောစာရင်းအရ မွန်ပြည်နယ် လွှတ်တော်တွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** မှအမတ် ၇ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ **NUP** မှအမတ် ၂ ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှအမတ် ၁၄ ဦးတို့ရရှိခဲ့သည်။ **(Kaowao 171110)** Read More...

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် နအဖ၏ ဆောင်ရွက်ချက်များကို လက်ဆင့်ကမ်းသယ်ဆောင်ရန် တည်ထောင်ထားသည့် ပါတီဖြစ်သည်ဟု ပါတီထုတ်သတင်းလွှာတွင် ဖော်ပြထားသည်။ **(S.H.A.N 151110)** Read More...
- ခေတ်သစ်မူးယစ်ရာဇာ အမည်ကျော်ကြားခဲ့သည့် ပြည်သူ့စစ်ခေါင်းဆောင်းများဖြစ်သော လျူကော်ရှီး၊ ပိုင်ဆုံချိန်၊ ဦးကျော်မြင့်၊ ဦးကိန်မိုင်၊ ဦးထီခွန်မြတ်နှင့် ဦးမြင့်လွင်တို့သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှဝင်ရောက်ယှဉ်ပြိုင်ပြီး အနိုင်ရသွားသည်ဟု သျှမ်းပြည် မူးယစ်ဆေးဝါးစောင့်ကြည့်လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဦးခွန်းဆေကပြောသည်။ **(S.H.A.N 161110)** Read More...
- ပဲခူးမြို့ မဇင်းဝေန် ၆ လမ်းရှိမဲရုံနှင့် ဝေန်ရပ်ကွက် ၂ မဲရုံတို့တွင် ရွေးကောက်ပွဲကော်မရှင် တံဆိပ်ထိုးထားသည့် သူများနှင့် ရပ်ကွက်တာဝန်ရှိသူများက မဲပေးသူများကို ပြည်ထောင်စု ကြံ့ခိုင်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ခြင်္သေ့ကိုသာမဲထည့်ရန် ပြောဆိုခြင်း၊ ဝင်ရောက်ခြစ်ပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု မျက်မြင်တွေ့ရှိခဲ့သူ ပဲခူးတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) အမတ်လောင်း ဦးကောင်းမြတ်စံ၏ မဲရုံကိုယ်စားလှယ် ဦးတင်ဦးကပြောသည်။ **(DVB 161110)** Read More...
- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်းရှိ တရုတ်ကျေးရွာများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ မဲဆွယ်စည်းရုံးရေးအတွင်း ကတိပေးထားသည့်အတိုင်း ဘိန်းခြံများ စတင်စိုက်ပျိုးနေကြကြောင်း ဘိန်းခြံတွင်မြေပေါက်သူတစ်ဦးကပြောသည်။ **(Palaungwomen 161110)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် လွှတ်တော်အသီးသီးတွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်းနီးပါး အနိုင်ရသည်ဟု ရွေးကောက်ပွဲကော်မရှင်ကို ကိုးကားပြီး နိုဝင်ဘာ ၁၈ ရက်နေ့ထုတ်တရုတ်အစိုးရပိုင် **People's Daily Online** သတင်းဌာနတွင် ဖော်ပြထားသည်။ **(VOA 181110)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ကိုယ်စားလှယ်လောင်း စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း တောင်သာမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ခြိမ်းခြောက်မှုများ၊ ငွေပေးမည်ဟုဆိုကာ စည်းရုံးမှုများဖြင့် ကြိုတင်မဲများရရှိသောကြောင့်ဖြစ်သည်ဟု တောင်သာဒေသခံတစ်ဦးကပြောသည်။ **(DVB 181110)** Read More...
- ကရင်ပြည်နယ် ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်များတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီကို ရှုံးနိမ့်ခဲ့သည့်အတွက် သာသနာရေးဝန်ကြီး သူရမြင့်မောင်နှင့် ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းတို့က ကရင်ပြည်နယ်တွင် အရှိန်အဝါကြီးသော တောင်ကလေးဆရာတော်မှတဆင့် ပါတီမဟာမိတ်ဖွဲ့လာအောင်နားချပေးရန် တိုက်တွန်းနေသည်ဟု ဆရာတော်နှင့်နီးစပ်သူများကပြောသည်။ **(DVB 181110)** Read More..., Irrawaddy...
- ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်သော နောက်ဆုံးစာရင်းများအရ တစ်နိုင်ငံလုံးအတွက် လွှတ်တော်အမတ်နေရာ ၁၁၅၄ တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ၈၈၃ နေရာ ရရှိသည့်အတွက် ၇၆ ရာခိုင်နှုန်း ကျော်ဖြင့် အနိုင်ရရှိသွားသည်ဟု ဖော်ပြထားသည်။ **(DVB 181110)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒီမိုကရေစီလိုလားသည့် အဖွဲ့များအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန်ရှိပြီး ပြည်သူများ၏အသံကို တိုက်ရိုက်ကြားလိုကြောင်း နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(VOA 141110)** Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဖြစ်ထွန်းလာရန်အတွက် ပြည်သူများ ပိုမိုပါဝင်ရန်နှင့် ကမ္ဘာ့ပြည်သူများအပါအဝင် ကွန်ယက် ကြီးတစ်ခုတည်ဆောက်ပြီး ခေတ်မီနည်းပညာများကို အသုံးချပိုင်းဝန်လုပ်ဆောင်ကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ **(RFA 141110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၁၄ ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရုံးချုပ်၌ ၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လူထုကို မိန့်ခွန်းပြောကြားရာတွင် ပရိသတ် ၁ သိန်းကျော် တက်ရောက်ခဲ့ကြသည်။ **(RFA 141110)** Read More...
- ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ **UNA** ၏ သဘောထားဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီ နည်းလမ်းအရ ပြန်လည်တည်ဆောက်ရာတွင် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားပြန်လည် သင့်မြတ်ရေးဖြစ်မြောက်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုက ပိုမိုနီးစပ်လာသည့်သဘောဆောင်ပြီးများစွာနှစ်ထောင်းအားရဖြစ်မိသည်ဟု **UNA** ပြောခွင့်ရပုဂ္ဂိုလ် ဦးပူကျင့်ရှင်းထန်ကပြောသည်။ **(DVB 141110)** Read More...
- မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ အင်အားစုအားလုံးနှင့် လက်တွဲ၍ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၄ ရက်နေ့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ရုံးချုပ်၌ ပထမဆုံးအကြိမ် လူထုသို့ပြောကြားသည့်မိန့်ခွန်းတွင် ပြောကြားလိုက်သည်။ **(Irrawaddy 141110)** Read More...
- နိုဝင်ဘာလ ၁၄ ရက်နေ့က ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရစီအဖွဲ့ချုပ် **(NLD)** ရုံးချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်တွင်းပြည်ပ သတင်း သမားများနှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း၊ သတင်းသမားများ၏ မေးမြန်းချက်များကိုလည်း အချက်ကျကျ ပြန်လည်ဖြေဆိုသွားခဲ့ကြောင်း တက်ရောက်ခဲ့သည့် သတင်းသမားတစ်ဦးကပြောသည်။ **(Irrawaddy 141110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်မှ လျှောက်ထားသူအနေဖြင့် စွဲဆိုထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီဆက်လက်ရပ်တည်ခွင့်အမှုကို နေပြည်တော်တရားရုံးချုပ်က နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လက်ခံသင့်၊ မသင့်ကြားနာမည်ဟု အ ကြောင်းကြားလာခြင်းသည် ဥပဒေကြောင်းအရ လွဲချော်နေသည်ဟု ရှေ့နေကြီးဦးကြည်ဝင်းကပြောသည်။ **(VOA 151110)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် ငြိမ်းချမ်းသည့်နည်းဖြင့် အပြောင်းအလဲ တစ်ခုဖြစ်ရေး **"Peaceful revolution"** သည် ၄င်း၏ ရည်မှန်းချက်ဖြစ်ကြောင်းနှင့် စစ်တပ်ကိုလည်း ဂုဏ်သရေရှိ စစ်တပ်အဖြစ် တွေ့မြင်ချင်သည်ဟု ဘီဘီစီနှင့်မေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။ **(BBC 151110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်လူကြီးများနှင့် သဘောထား ကွဲလွဲကာ လူမှုရေးလုပ်ငန်းများကို သီးခြားလုပ်ဆောင်နေသည့် အဖွဲ့ချုပ်ဝင်များဖြစ်သော ကိုနေခြည်မင်း၊ ကိုနိုင်ငံလင်းနှင့် ကိုဉာဏ်ဝင်းအောင်တို့ ၃ ဦးကို သီးခြားစီခေါ်ယူဆွေးနွေးခဲ့သည်။ **(BBC 151110)** Read More...
- ချင်းပြည်နယ် ဟားခါးမြို့ရှိ ဒေသခံလူထုသည် အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ရွေးကောက်ပွဲမသမာမှုများကို မေ့ပျောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် သတင်းများကိုသာ ဆွေးနွေးပြောဆိုနေကြသည်ဟု ဟားခါးမြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဥက္ကဌ ဦးဘန်လျံက ပြောသည်။ **(VOA 151110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ပါတီလုပ်ငန်းများကို စတင်ထမ်းဆောင်မှု အဖြစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် ဥပဒေအထောက်အကူပြုအဖွဲ့နှင့် တွေ့ဆုံပြီး ပါတီအနေဖြင့် ရင်ဆိုင်နေရသည့် အခြေအနေအရပ်ရပ်နှင့် ဥပဒေရေးရာကိစ္စများကို ဆွေးနွေးခဲ့သည်။ **(RFA 151110)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- မွန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပြီး ပြောကြားခဲ့သည့် မိန့်ခွန်းများနှင့် ဆောင်ရွက်ချက်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်အတွက် ဖြန့်ဝေနိုင်ရန်စီစဉ်နေသည်ဟု မွန္တလေးတိုင်းအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင် ဦးမျိုးနိုင်ကပြောသည်။ **(DVB 151110)** [**Read More...**]
- ဒီမိုကရေစီအရေးနှင့် ပတ်သက်လာပါက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို လက်တွဲနိုင်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုကြောင်း မွန်ပြည်နယ် **NLD** ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်ကပြောသည်။ **(Irrawaddy 151110)** [**Read More...**]
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** ပါတီ ဆက်လက်တည်ရှိခွင့်နှင့် ပတ်သက်၍ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ ဗဟိုတရားရုံးချုပ်တွင် ကြားနာစစ်ဆေးမှု ပြုလုပ်မည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(Irrawaddy 161110)** [**Read More...**]
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းနှင့်ပြည်နယ်အသီးသီးမှ လူငယ်များကိုခေါ်ယူပြီး တွေ့ဆုံဆွေးနွေးမှုတစ်ခု ကျင်းပပြုလုပ်ရန် လုပ်ငန်းဖော်ဆောင်ရေး လူငယ်ခေါင်းဆောင်များအား နိုဝင်ဘာလ ၁၆ ရက်နေ့က ညွှန်ကြားခဲ့သည်ဟု **NLD** ဗဟိုကော်မတီအဖွဲ့ဝင် မဖြူဖြူသင်းက ပြောသည်။ **(Mizzima 161110)** [**Read More...**]
- အမျိုးသားရင်ကြားစေ့ရေး လုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားအရေး၊ ဒီမိုကရေစီအရေးကိုအမှန်တကယ် လုပ်ဆောင်သွားလိမ့်မည်ဟု ကချင်အမျိုးသား များက ယုံကြည်ထားသည်ဟု ၈ လေးလုံး ကချင်ကျောင်းသားခေါင်းဆောင် ဦးအောင်ဝါက ပြောသည်။ **(KNG 161110)** [**Read More...**]
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များနှင့် နိုဝင်ဘာ ၁၆ ရက်နေ့တွင် တွေ့ဆုံပြီး တိုင်းနှင့်ပြည်နယ် အသီးသီးရှိ လူငယ်တာဝန်ခံများအားလုံးကို အမြန်ဆုံးလူငယ်ညီလာခံတစ်ခု ခေါ်ယူရန်ညွှန်ကြားချက်ပေးခဲ့သည်ဟု လူငယ်အဖွဲ့ချုပ်ဝင် မဖြူဖြူသင်းက ပြောသည်။ **(BBC 161110)** [**Read More...**]
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို စတင်တည်ထောင်ခဲ့သူအဖြစ်နှင့် စွဲချက်တင်လျှောက်ထားသည့် ပါတီဆက်လက်ရပ်တည်ခွင့်အမှု၌ ကျန်ရှိနေသေးသည့် ကျမ်းကျိန်လွှာကို နိုဝင်ဘာ ၁၆ ရက်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း တရားရုံးတွင် လက်မှတ်ရေးထိုးခဲ့သည်ဟု လိုက်ပါသွားခဲ့သူ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ **(VOA 161110)** [**Read More...**]
- ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၁၆ ရက်နေ့ မနက်ပိုင်းတွင် အမေရိကန်သံတမန်များနှင့်လည်းကောင်း၊ ညနေပိုင်းတွင် ဥရောပ သမဂ္ဂ သံအမတ်ကြီးများနှင့်လည်းကောင်း သီးသန့်စီတွေ့ဆုံခဲ့ရာ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကိစ္စအား အလေးအနက်ဆွေးနွေးခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုကော်မတီဝင် ဦးအုန်းကြိုင်ကပြောသည်။ **(RFA 161110)** [**Read More...**]
- ဒေါ်အောင်ဆန်းစုကြည်ကို တိုင်းရင်းသားခေါင်းဆောင်များက ဒုတိယအကြိမ် ပင်လုံညီလာခံကျင်းပနိုင်ရေးအတွက် ပဏာမတွေ့ဆုံမှုအဖြစ် နိုဝင်ဘာ ၁၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးတင်ပြရာတွင် ထောက်ခံမှုရရှိပြီး မဖြစ်မနေ အကောင်အထည်ဖော်ရန် ဆန္ဒရှိသည့်အတွက် အားတက်မိကြောင်း **UNLD** အဖွဲ့မှ ၁၉၉၀ ရွေးကောက်ခံအမတ် ဦးထောင်ခိုထန်းကပြောသည်။ **(RFA 161110)** [**Read More...**]
- မွန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနှင့် ရမည်းသင်းမြို့နယ်များရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင် ၃ဝခန့်နှင့် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ၊ ၄င်းဆွေးနွေးပွဲမှ ပါတီအင်အား ခိုင်မာတောင့်တင်းရေးကိစ္စကို ဒေါ်အောင်ဆန်းစုကြည်ထံ တင်ပြဆွေးနွေးရေးအတွက် သဘောတူညီချက်ရရှိခဲ့သည်ဟု နေအိမ်တွင်လက်ခံကျင်းပခဲ့သူ မိတ္ထီလာအဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်မြင့်မြင့်အေးကပြောသည်။ **(DVB 161110)** [**Read More...**]
- ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူမှုအထောက် အကူပြုအဖွဲ့မှ စောင့်ရှောက်ထားသည့် **HIV/AIDS** ဝေဒနာရှင်များကို ဆေးဝါးကုသမှု အခြေအနေ၊ စားဝတ်နေရေး အခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာအခြေအနေများကို ဒေါ်အောင်ဆန်းစုကြည်က လာရောက်မေးမြန်းပြီး အားပေးစကားပြောကြားခဲ့သည်ဟု ဝေဒနာရှင်တစ်ဦးဖြစ်သည့် မသီသီအေးကပြောသည်။ **(Irrawaddy 171110)** [**Read More...**] [**Mizzima**]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- တိုင်းရင်းသားများအကြား ခိုင်မာသော သဘောတူညီမှု တည်ဆောက်နိုင်ရေးအတွက် အစည်းအဝေးတစ်ရပ်ကို ခေတ်မီဆက်သွယ်ရေးသုံး၍ ပြည်တွင်းပြည်ပ အင်အားစုများအကြား ပြုလုပ်လိုကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ဟု တိုင်းရင်းသားပါတီ ခေါင်းဆောင်များကပြောသည်။ **(Mizzima 171110)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၁၇ ရက်နေ့ က တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ဖို့ ဦးစားပေစဉ်းစားနေသည်ဟု **SNLD** အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းတင်လှိုင်ကပြောသည်။ **(S.H.A.N 171110)** Read More...
- နိုင်ငံရေးပါတီများမှ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် လက်တွဲပြီး မြန်မာ့နိုင်ငံရေးကို တက်တက်ကြွကြွ လုပ်ဆောင်သွားရန်ပြင်နေကြသည်။ **(VOA 171110)** Read More...
- စစ်အစိုးရ၏ ၇ နှစ်ကြာ ဖမ်းဆီးထားရာမှ ပြန်လွှတ်ပေးခြင်းသည် သဘောထား ပျော့ပြောင်းလာသည့် လက္ခဏာပြသခြင်းမဟုတ်ပဲ တရားဝင်မှုမရှိသည့် ဖမ်းဆီးခြင်းနှင့် လွှတ်ရက်စေ့ခြင်းသာ ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(RFA 181110)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီ တရားဝင် ရပ်တည်ခွင့်နှင့်ပတ်သက်သော တိုက်ရိုက်တင်ပြထားသည့် အမှုကို လျှောက်လဲချက် မတင်မီ နိုဝင်ဘာ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် တရားရုံး၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း မညီညွတ်သောကြောင့် ကန့်ကွက်လွှာကို ဦးစွာတင်လိုက်သည်ဟု ပါတီရှေ့နေ ဦးကျော်ဟိုးကပြောသည်။ **(RFA/VOA 181110)** Read More...
- ပဲခူးတိုင်း ဇီးကုန်း၊ သနပ်ပင်၊ နတ်တလင်းနှင့် ကြို့ပင်ကောက်မြို့နယ်များရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင် ၂၀ က ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတစ်ရပ်ကို ဇီးကုန်း မြို့နယ်ပါတီခေါင်းဆောင်တစ်ဦး၏ နေအိမ်တွင် နိုဝင်ဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သည်။ **(DVB 171110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းပြီး ဒုတိယပင်လုံညီလာခံကို ကျင်းပကာ ဖက်ဒရယ်ပြည်ထောင်စုကို အသက်သွင်းသွားမည်ဟု မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **MNDF** ဥက္ကဋ္ဌ နိုင်ထွန်းသိန်းက ဒေါ်အောင်ဆန်းစုကြည်နှင့် ပြောထားခဲ့သည်ကို ဖြစ်မြောက်ရေးကော်မတီမှ နာယက နိုင်တင်အောင်က ပြန်လည်ပြောပြခြင်းဖြစ်သည်ဟု မုဒုံမြို့မှ အစည်းအဝေးတက်ရောက်ခဲ့သည့် အမျိုးသမီးတစ်ဦးက ပြောသည်။ **(IMNA 181110)** Read More ...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် တသီးပုဂ္ဂလ အမတ်များအကြား ကွန်ယက်တစ်ခု ထူ ထောင်ရန် သဘောတူခဲ့ကြောင်း၊ **HIV/ AIDS** ပိုးရှိသူများ ကူညီစောင့်ရှောက်ခြင်းဖြင့် စတင်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဒေါက်တာဖုန်းဝင်း က ပြောသည်။ **(Mizzima 191110)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်တည်ရှိမှုသည် ပြည်သူက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က **VOA** မြန်မာပိုင်းအစီအစဉ်၊ ရုပ်မြင်သံကြားဌာနနှင့် သီးခြားတွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ **(VOA 191110)** Read More...
- အမေရိကန်အစိုးရ၏ နအဖစစ်အစိုးရနှင့် ဆက်ဆံရေးပေါ်လစီသစ်ကို ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုသော်လည်း နှင်းဆီရောင် မျက်မှန်တပ် မကြည့်မိရန် သတိပေးကာ လက်တွေ့ကျကျ ဆက်ဆံမှုမျိုး ဖြစ်စေချင်သည်ဟု **CNN** ရုပ်သံသတင်းနှင့် မေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ **(BBC 201110)** Read More... **(VOA 191110)** Read More...
- အမျိုးသား ပြန်လည်သင့်မြတ်ရေး လိုလားသူများနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒီမိုကရေစီအင်အားစုများက ခေတ်အဆက်ဆက် နိုင်ငံရေးတွင် ပါဝင်ခဲ့သည့် သက်ကြီးဝါကြီး မျိုးချစ်ပုဂ္ဂိုလ်များကို ကန်တော့သည့်ပွဲအား ယနေ့ တွင် ကျင်းပခဲ့ကြပြီး၊ ၂၁ ရာစု ပင်လုံညီလာခံနှင့် တိုင်းရင်းသားအရေး ဆောင်ရွက်ရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခေါင်းဆောင်အဖြစ်တာဝန် ပေးအပ်လိုက်ကြသည်။ **(RFA 201110)** Read More...
- မြန်မာ ပြည်သူလူထုအတွက် အထောက်အကူ ဖြစ်မည်ဆိုပါက နိုင်ငံရေးစနစ်သစ်ကို ထောက်ခံမည်၊ စစ်အစိုးရနှင့် အတူ လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ **(RFA 201110)** Read More...
- အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံနှင့် စေ့စပ်ဆွေးနွေးမှုများ လုပ်မည်ဆိုခြင်းသည် ကောင်းမွန်သည့်ကိစ္စတစ်ရပ် ဖြစ်သော်လည်း အမေရိကန် အစိုးရ တာဝန်ရှိသူများသည် အကောင်းများကိုသာ ရွေးကြည့်ပြီးမဆွေးနွေးစေချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ **(RFA 201110)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ရန်ကုန်တိုင်းအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းကို လွှတ်ပေးခြင်းမျိုးမဟုတ်ပဲ ကိုမင်းကိုနိုင်နှင့်တကွ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ **(DVB 201110)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသား အစည်းအရုံး **KNU** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်းကို ကြိုဆိုလိုက်ပြီး ကာလရှည်ကြာ အောင်မြင်မှုမရဖြစ်နေသည့် တိုင်းရင်းသား ပြန်လည်ရင်ကြားစေ့ ရေးလုပ်ငန်းစဉ် ပေါ်ထွက်လာမည့်ဟု ယုံကြည်ကြောင်း နိုဝင်ဘာ ၁၅ ရက်နေ့တွင် **KNU** ဒု–ဥက္ကဌ ဖဒိုဒေးဗစ်သာကပေါက ပြောသည်။ **(VOA 151110)** **Read More...**
- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဗဟိုဦးစီးကော်မတီ **RCSS** နှင့် သျှမ်းပြည်တပ်မတော် **SSA** တို့က နိုဝင်ဘာ ၁၁ ရက်နေ့တွင် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝလက်မခံနိုင်ကြောင်း သဘောထားထုတ်ပြန်ကြေငြာလိုက်သည်။ **(S.H.A.N 151110)** **Read More ...** **Irrawaddy**
- ကရင်နီပြည်အတွင်း သျှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ **SNPLO** မှ ခွဲထွက် အဖွဲ့များဖြစ်သည့် ပအိုဝ်းတပ်နှင့် ကရင်နီတပ်များ ပူးပေါင်းပြီး နအဖကို တိုက်ခိုက် နေသည့်အတွက် နေပြည်တော်လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း စစ်ဘက်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 151110)** **Read More ...**
- နိုဝင်ဘာ ၁၁ ရက်နေ့က ဝမ့်ဆော့တွင် ဖြစ်ပွါးခဲ့သော နအဖနှင့် **SSA** သျှမ်းပြည်မြောက်ပိုင်းတပ်တို့အကြား တိုက်ပွဲသည် ထိုးစစ် ဆင်တိုက်ခိုက်ခြင်းမဟုတ်ကြောင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ **RCSS** ဥက္ကဌ သျှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** ခေါင်းဆောင် စဝ်ယွတ်စစ်က ပြောသည်။ **(S.H.A.N 151110)** **Read More...**
- အမျိုးသားဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ မျှော်လင့်ထားသည့်အတိုင်း လွတ်လပ်စွာနိုင်ငံရေးမလှုပ်ရှားနိုင်မည်ကို စိုးရိမ်နေကြောင်း ဒုတိယဗိုလ်ချုပ်ကြီးယွတ်စစ်က ပြောကြားလိုက်သည်။ **(S.H.A.N 151110)** **Read More ...**
- ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် အနီးတဝိုက်တွင် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်နေ့က **DKBA, KNU** တပ်မဟာ (၆) မှ တပ်ဖွဲ့ဝင်များနှင့် နအဖစစ်အစိုးရတပ် ခြေမြန်တပ်ရင်း (ခမရ) ၂၇၀ နှင့် ၂၈၄ တပ်ဖွဲ့ဝင်များ၊ တိုက်ပွဲ ၃ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၄၀ ခန့်ရှိသော်လည်း အကျအဆုံးကိုမူ မသိရသေးကြောင်း စစ်အစိုးရနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 161110)** **Read More...**
- ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **SSA-S** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာမှုအပေါ် ကြိုဆိုလိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးရရန်အတွက် ဦးဆောင်ကြိုးပမ်းသွားရန် တိုက်တွန်းလိုက်သည်ဟု **SSA-S** ပြောခွင့်ရသူ စိုင်းလောင်းဝ်စိုင်းကပြောသည်။ **(DVB 161110)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ခေါင်းဆောင် ဗိုလ်မှူးချုပ်စောလားဘွယ် (ခေါ်) ဗိုလ်နှုတ်ခမ်းမွေးက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းကို ဝမ်းသာစွာကြိုဆိုကြောင်းနှင့် တိုင်းရင်းသားအရေးကိုဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ **(DVB 141110)** **Read More...**
- မွန်ပြည်သစ်ပါတီက ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်းကို ကြိုဆိုလိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဦးဆောင်ကြိုပမ်းသွားရန် တိုက်တွန်းလိုက်ကြောင်း ပါတီအတွင်းရေးမှူး နိုင်ဟံသာကပြောသည်။ **(DVB 151110)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- နိုဝင်ဘာလ ၁၄ ရက်နေ့ညက ကရင်ပြည်နယ် ဝေါလေဒေသတွင် နအဖ စစ်တပ်နှင့် **DKBA** တပ်ဖွဲ့ဝင်များ၊ တိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားခဲ့ ရာ ၎င်းဒေသရှိ ရွာသူရွာသား ၄၀၀ နီးပါးမှာ ဒုက္ခသည်များအဖြစ် ထိုင်းနိုင်ငံဘက်ခြမ်းသို့ထွက်ပြေး ရောက်ရှိလာခဲ့သည်ဟု ထိုင်းရွာသားတစ်ဦးက ပြောသည်။ **(KIC 151110)** **Read More ...** **Irrawaddy**
- ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် နယ်စပ် ဘုရားသုံးဆူမြို့နယ်ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** (၉၀၆) တပ်ရင်းနှင့် နအဖ စစ်အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး နအဖ စစ်အစိုးရတပ်က နိုဝင်ဘာလ ၁၆ ရက် နေ့လည်ပိုင်းတွင် **DKBA** တပ်စခန်း ဖြစ်သည့် ရာဘာခြံ (ခေါ်) အင်းဝဂိတ်တွင် ဝင်ရောက်နေရာယူလိုက်သည်ဟု မြို့ခံများက ပြောသည်။ **(KIC 161110)** **Read More...**
- အပစ်ရပ် ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ **KIO** နှင့် ရှမ်းပြည်မြောက်ပိုင်း တပ်မတော် **SSA-N** ထိန်းချုပ်နယ် မြေများတွင် နအဖစစ်အစိုးရ အမှတ် (၃) စစ်ဆင်ရေးနှင့် ကွပ်ကဲရေးဌာနချုပ်–စကခ လက်အောက်တွင် ခြေလျင်တပ်ရင်း ၁ ရင်းနှင့် ခြေမြန်တပ်ရင်း ၉ ရင်း ရှိရာမှ တပ်ရင်း ၅ ရင်းခန့်ထပ်မံ အင်အားတိုးချဲ့လာသည်ဟု **KIO** က ပြောသည်။ **(Mizzima 171110)** **Read More...**
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ခေါင်းဆောင် ဗိုလ်နှုတ်ခမ်းမွေး (ခေါ်) ဗိုလ်မှူးချုပ် စောလားဘွယ်က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မည့် ဒုတိယပင်လုံညီလာခံခေါ်ယူရေးအစီအစဉ်ကို အပြည့်အဝ ထောက်ခံကာ ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် အမြန်ဆုံးအောင်မြင်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းလိုက် သည်ဟု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(RFA 181110)** **Read More...**
- ဗိုလ်မှူးကြီးစောလားပွယ် (ခေါ်) ဗိုလ်နှုတ်ခမ်းမွေး လက်အောက်ခံ ဝေါလေ အခြေစိုက် တပ်ရင်း ၉၀၉ တပ်ရင်းမှူး စောစတီးလ်၊ ဗဟိုလုံခြုံရေး တပ်ခွဲမှူး စောရွှေဝါးနှင့် တပ်သား ၃၈ ဦးတို့သည် ဗုဒ္ဓဟူးနေ့နံနက် ၉ နာရီက ကရင်အမျိုး သားအစည်းအရုံးနှင့် ပူးပေါင်းလိုက်သည်ဟု နှစ်ဖက်ခေါင်းဆောင်များက ပြောသည်။ **(Mizzima 181110)** **Read More...**
- အပစ်ရပ် သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ထိန်းချုပ်နယ်မြေအတွင်းမှ မြို့ပေါ်သွားလေ့ရှိသော သျှမ်းတပ်နှင့် ဆက်စပ် နီးနွယ်သူများအား စောင့်ကြည့်ဖမ်းဆီးရန် လားရှိုးတိုင်းစစ်ဌါနချုပ်က ညွှန်ကြားထားသည်ဟု လားရှိုးဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 191110)** **Read More...**

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက် လာခြင်း ကို လှိုက်လှဲစွာကြိုဆိုကြောင်းနှင့် ဒီမိုကရေစီအင်အားစုအားလုံးနှင့် လက်တွဲလုပ်ဆောင်သွားမည်ဆိုသည့် ပြောကြား ချက်ကို အလေးအနက် ထောက်ခံကြိုဆိုလိုက်ကြောင်း နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန် လိုက်သည်။ **(RFA 151110)** **Read More...**
- မြောက်ပိုင်းတိုင်း တိုင်းမှူး အငြိမ်းစားဗိုလ်မှူးချုပ် အုန်းမြင့်က ဖားကန့်မဲဆန္ဒနယ်တွင် မဲမသမာမှုမျိုးစုံကျူးလွန်ပြီး အနိုင်ယူ သွားသဖြင့် ရွေးကောက်ပွဲကောက်မရှင်ထံ တရားဝင်ကန့်ကွက်ရန် ပြင်ဆင်နေသည်ဟု ပြိုင်ဘက်အမျိုးသား ဒီမိုကရေစီ အင်အားစု အမတ်လောင်း ဒေါ်ဘောက်ဂျာက ပြောသည်။ **(DVB 151110)** **Read More...**
- ရွေးကောက်ပွဲ ရလဒ်ကို ပြုပြင်ပြောင်းလဲရန် ဖြစ်နိုင်မည် မဟုတ်သော်လည်း မြို့နယ်အသီးသီးမှ အမတ်လောင်းများ ရန်ကုန်ရုံးချုပ်တွင် တွေ့ဆုံ ဆွေးနွေးပြီး မဲမသမာမှုများကို သတင်းစာရှင်းပွဲဖြင့် မကြာမီ လူထုသိစေရန် ဖော်ထုတ် သွားမည် ဟု အမျိုးသား ဒီမိုကရေစီပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(Mizzima 151110)** **Read More...**
- မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း လွှတ်တော်သုံးရပ်တွင် ကိုယ်စားလှယ်လောင်း ၃၄ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** မှာ ကိုယ်စားလှယ် (၁၆) ဦး အနိုင်ရရှိခဲ့ကြောင်း ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်များအရသိရသည်။ **(IMNA 151110)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
“Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲမှ တရားမျှတသည့် ရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာစေရန်အတွက် တအာင်း (ပလောင်) အမျိုးသားပါတီ **TNP** အနေဖြင့် မူစယ်ခရိုင် ရွေးကောက်ပွဲကော်မရှင်ထံ တိုင်ကြားခဲ့သည်ဟု **TNP** အထွေထွေအတွင်းရေးမှူးချုပ် မိုင်အုန်းခိုင်က ပြောသည်။ **(S.H.A.N 161110)** **Read More ...**
- ရွေးကောက်ပွဲတွင် ကရင်ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ **PSDP**၊ ကရင်ပြည်သူ့ပါတီ **KPP** နှင့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ **KSDDP** မှ ကိုယ်စားလှယ်လောင်းများ ၁၆ ဦး အနိုင်ရရှိခဲ့သည်ဟု သိရသည်။ **(KIC 161110)** **Read More...**
- မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေကြောင်းနှင့် တည်ဆဲအစိုးရအပေါ် ညှင်သာစွာ ကိုင်တွယ်ရမည်ဖြစ်ကြောင်း ပါတီအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(BBC 161110)** **Read More...**
- ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာမှုအပေါ် ကြိုဆိုလိုက်သည်ဟု ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးညွန့်ကပြောသည်။ **(DVB 161110)** **Read More...**
- ပြည်ထောင်စုဒီမိုကရေစီပါတီက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာမှုအပေါ် ကြေညာချက်ထုတ်ပြန် ကြိုဆိုလိုက်သည်ဟု ပါတီအထွေထွေအတွင်းရေးမှူး ဦးသိန်းတင်အောင်က ပြောသည်။ **(DVB 161110)** **Read More...**
- ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ရွေးကောက်ပွဲတွင် မဲအများဆုံးနှင့် အနိုင်ရရှိသွားသည်ဟုဆိုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အား နိုင်ငံရေးပါတီများ၊ မှတ်ပုံတင်ခြင်းဥပဒေနှင့် ကိုက်ညီခြင်းမရှိသည့်အတွက် တရားဝင်ဖျက်သိမ်းပေးရန် နိုဝင်ဘာ ၁၅ ရက်နေ့တွင် ကော်မရှင်ထံ တင်ပြတောင်းဆိုလိုက်သည်။ ။ **(Irrawaddy 161110)** **Read More...** **(DVB 161110)** **Read More...**
- နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်၍ အနိုင်မရခဲ့သော နိုင်ငံရေးပါတီများမှ ဥပဒေမဲ့ပြောဆိုမှုများ၊ ရေးသားမှုများ လုပ်ဆောင်နေကြသည်ဟု စစ်အစိုးရမီဒီယာများက စွပ်စွဲခြင်းမှာ မှန်ကန်မှုမရှိကြောင်း နိုင်ငံရေးပါတီခေါင်းဆောင်များက တုံ့ပြန်ပြောဆိုလိုက်သည်။ **(Irrawaddy 171110)** **Read More...**
- ရွေးကောက်ပွဲကို သပိတ်မှောက်ထားပြီး မှတ်ပုံမတင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် ပါတီချင်းပူးပေါင်းဆောင်ရွက်ရန် "တည်ဆဲဥပဒေ" များက အတားအဆီးဖြစ်နေသည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** ဒုဥက္ကဋ္ဌ ဦးငွေးကပြောသည်။ **(Mizzima 171110)** **Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခြင်းကို ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** က ကြိုဆိုလိုက်သည်ဟု ပါတီ ဥက္ကဋ္ဌ ဦးအေးမောင်ကပြောသည်။ **(Narinjara 171110)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးမတိုင်မီ စစ်အစိုးရအပါအဝင် အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းပေါ်သို့ ရောက်လာရန်ကို ဦးစွာကြိုးပမ်းရန် လိုအပ်ကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။ **(RFA 171110)** **Read More...**
- အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** မှ ဒု–ပါတီခေါင်းဆောင် ဦးသိန်းညွန့်အား ပါတီတွင်းကိစ္စများ မဖြေရှင်းပဲ သတင်းမီဒီယာများကို ပြောဆိုခြင်း၊ ခေါင်းဆောင်များအား တရားစွဲ တိုင်းကြားမည်စသည့် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည့်အတွက်ပါတီတွင်း မဲခွဲဆုံးဖြတ်ကာ ထုတ်ပယ်လိုက်သည်ဟု ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေကပြောသည်။ **(BBC/VOA 181110)** **Read More...**, **Irrawaddy...**
- ရွေးကောက်ပွဲတွင်အနိုင်ရသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ **(SNDP)** မှ ၅၇ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **(RNDP)** မှ ၃၅ ဦးနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **(AMRDP)** မှ ၁၆ ဦးတို့ဖြင့် လွှတ်တော်အတွင်း၌ တိုင်းရင်းသားအရေးများကို မူဘော်ထဲမှ ဆက်လက်ကြိုးပမ်းသွားမည်ဟု အဆိုပါ ပါတီများကဆိုသည်။ **(RFA 181110)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ဒီမိုကရက်တစ်ပါတီ (မြန်မာ)က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်လာသည့်အပေါ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ ကြိုဆိုလိုက်သည်ဟု ပါတီအတွင်းရေးမှူး ဒေါ်သန်းသန်းနုကပြောသည်။ **(DVB 181110)** [Read More...]
- ပဲခူးတိုင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ထောက်ခံမဲရရှိရေး မသမာမှုများကို အထောက် အထားများနှင့်တကွ ရှင်းလင်းတင်ပြမည့် သတင်းစာရှင်းလင်းပွဲတစ်ခုကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အခြားပါတီ ကိုယ်စားလှယ်လောင်းများက ပြုလုပ်ရန် စီစဉ်ထားသည်ဟု လမ်းပြကြယ်ဦးအေးမြင့်ကပြောသည်။ **(DVB 171110)** [Read More...]
- ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ချင်းပြည်နယ် မင်းတပ်မြို့နယ် လွှတ်တော် နေရာအားလုံးတွင် နိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့သည့်ပါတီများ ဆွေးနွေးကာ ရွေးကောက်ပွဲပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စောင့် ကြည့်ရေးကော်မတီကို အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းလိုက်သည်ဟု ဦးရှိန်းထွန်းကပြောသည်။ **(Mizzima 181110)** [Read More ...]
- သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက သျှမ်းပြည်အရေးနှင့် တိုင်းရင်းသားအား လုံးအရေး၊ ပြည်ထောင်စုကောင်းကျိုးရေးအတွက် ရှေ့ရှုလုပ်ဆောင်သယ်ပိုးသွားမည်ဟုပြောသည်။ **(S.H.A.N 181110)** [Read More ...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ မဲမသမာမှုများနှင့် ပတ်သက်ပြီး ပါတီမှ လျှင်လျှင်မြန်မြန် ပြတ်ပြတ် သားသားအရေးယူ ဆောင်ရွက်ခြင်းမရှိလျှင် အနာဂတ် နိုင်ငံရေးတွင် ပါတီအနေဖြင့်အခက်အခဲတွေ့လာနိုင်သည်ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ **NUP** က ပြောသည်။ **(Irrawaddy 191110)** [Read More ...]
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် ရှမ်းတိုင်းရင်းများဒီမိုကရေစီပါတီ **SNDP** သည် ထောက်ခံမဲပေးခဲ့သော ပြည်သူ လူထုများနှင့် ရဟန်းသံဃာတော်များကိုလည်း ကျေးဇူးတင်သည့်အနေဖြင့် အခမ်းအနားတစ်ခုကျင်းပမည်ဖြစ်သည်ဟု **SNDP** ပါတီဝင်တစ်ဦးက ပြောသည်။ **(S.H.A.N 191110)** [Read More ...]
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရွေးကောက်ပွဲပြီးသော်လည်း ကျေနပ်မှုမရှိသည့် အမျိုးသားဒီမိုကရေစီအင်အာစု **NDF** ပါတီကိုယ်စားလှယ် ဦးမာခါးက ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲဖြစ် ကြောင်း နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ဒေါ်အောင်ဆန်းစုကြည်ထံ နိုဝင်ဘာလ ၁၉ ရက်နေ့ က စာတင်လိုက်သည်ဟု ဦးမာခါးမှပြောသည်။ **(KNG 191110)** [Read More...]
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ရန်ကုန်မြို့ သတင်းစာရှင်းလင်းပွဲတွင် ပါတီ ဥက္ကဋ္ဌ ဦးသုဝေက ရွေးကောက်ပွဲသည် စစ် အစိုးရ၏ မဟာယဖျူဟာမြောက် ကျင်းပသွားသည့်ရွေးကောက်ပွဲသာဖြစ်ပြီး ပါတီအနေဖြင့် လွှတ်တော်ပြင်ပမှဆက် လက်လှုပ်ရှားဆောင်ရွက်သွားမည်ဟုပြောသည်။ **(RFA 191110)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် ဒီမိုကရက် ပါတီများမှ ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူပြီးသည့် နောက် လွှတ်တော်အတွင်းမှ တိုင်းပြည်အတွက် လိုအပ်ချက်များ၊ ဥပဒေပြုရေးကိစ္စများကို လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်နေကြသည်။ **(VOA 191110)** [Read More...]

## ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- ရွေးကောက်ပွဲတွင် မဲမသမာမှုများ ရှိခဲ့သည့်အတွက် စစ်အစိုးရအနေဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တခု တည်းအနိုင်ရရန် ပြုလုပ်သလိုဖြစ်နေကြောင်း၊ ဤလုပ်ဆောင်မှုသည် အနာဂါတ်တိုင်းပြည်အတွက် မကောင်း ကြောင်းကို မဲမသမှုများတိုင်ကြား ရန်ပြင်ဆင်နေသည့် တသီးပုဂ္ဂလအမတ်လောင်း ဦးကောင်းမြတ်ထွဋ်ကပြောသည်။ **(BBC 161110)** [Read More...]
- ရွေးကောက်ပွဲဝင် တသီးပုဂ္ဂလ အမတ်လောင်း ၁၂ ဦးသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ **NLD** ၏ လူမှုရေးလုပ်ငန်း စဉ်များတွင် ပူးပေါင်းလုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြောဆိုလိုက်သည်ဟု **NLD** သတင်းနှင့် ပြန်ကြားရေးအဖွဲ့ဝင်ဦးအုန်းကြိုင်ကပြောသည်။ **(Mizzima 191110)** [Read More ...]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသော ဒေါ်အောင်ဆန်းစုကြည်အား နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူကကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ကို နိုဝင်ဘာ ၁၃ ရက်နေ့ ညပိုင်းတွင် လက်ဆောင်သွားပေးခဲ့သည်ဟု ကိုကျော်သူက ပြောသည်။ **(RFA 141110)** **[Read More...]**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာသည့်အပေါ် စာပေနှင့် အနုပညာ လောကသားများ ဖြစ်သော တေးသံရှင် ဆောင်းဦးလှိုင်၊ အနုဂ္ဂ၊ စာရေးဆရာ ဝေမှူးသွင်၊ ကဗျာဆရာ စောဝေနှင့် သတင်း အယ်ဒီတာချုပ် ဖြစ်သော ဆရာဦးမြတ်ခိုင်၊ စက်မှုတက္ကသိုလ် ဆရာဦးကိုကို၊ မောင်စိမ်းနီတို့က အသီးသီးကြိုဆိုလိုက်ကြသည်။ **(DVB 141110)** **[Read More...]**
- အင်အားအတောင့်တင်းဆုံးနှင့် အခိုင်မာဆုံး ပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ယုဇန ဦးဌေးမြင့်ကို မဲထည့်ခဲ့သည်ဟု သရုပ်ဆောင်အကယ်ဒမီ လွင်မိုးကပြောသည်။ **(Irrawaddy 171110)** **[Read More...]**
- နိုင်ငံ၏ လက်ရှိရင်ဆိုင်နေရသည့် အထွေထွေအကြပ်အတည်းများကို ကျော်လွှားနိုင်ရန်အတွက် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပြည်သူများ၏ တခဲနက်ထောက်ခံမှုကိုရရှိထားသည့် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ အမြန်ဆုံးတွေ့ဆုံဆွေးနွေးရမည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကပြောကြားလိုက်သည်။ **(RFA 171110)** **[Read More...]**

## မီဒီယာအခန်းကဏ္ဍ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုသတင်းကို ပြည်တွင်းထုတ် ဂျာနယ် များတွင် ကန့်သတ်ထားသည့် မူဘောင်ထဲမှ ဓါတ်ပုံမျက်နှာဖုံးအဖြစ်ဖော်ပြခွင့် အနည်းအကျဉ်းနှင့် အများစုက အတွင်းစာမျက်နှာ၌သာ ခွင့်ပြုပြီး တင်းကျပ်စွာ ပိတ်ပင်ထားသည်ဟု ဂျာနယ်အယ်ဒီတာများကပြောသည်။ **(DVB 141110)** **[Read More...]**
- ပြည်တွင်း ပုဂ္ဂလိက သတင်းမီဒီယာများတွင် ဒေါ်အောင်ဆန်းစုကြည် သတင်းများကို လွတ်လပ်စွာဖော်ပြခွင့် မရှိဘဲ ကန့်သတ်ချက်များရှိနေသည်ဟု ရန်ကုန်အခြေစိုက် သတင်းထောက်တစ်ဦးကပြောသည်။ **(Irrawaddy 151110)** **[Read More...]**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ပုံကို မျက်နှာဖုံးအဖြစ် ဖော်ပြထားသည့် ဆဲဗင်းဒေး–နယူးစ် ဂျာနယ်သည် ရခိုင်ပြည်နယ်တွင် ရောင်းမလောက်အောင် ဝယ်ယူဖတ်ရှုသူများ များပြားနေသည်ဟု စစ်တွေမြို့ခံတစ်ဦး ကပြောသည်။ **(DVB 181110)** **[Read More...]**

## ဘာသာရေးအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ

- ထောင်ဒဏ် ၆၈ နှစ် အကျဉ်းကျခံနေရသည့် ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်ဆရာတော် အရှင်ဂမ္ဘီရက စစ်အစိုးရ၏ ညှင်းပန်းနှိပ်စက်ခဲ့မှုများကို မေတ္တာဖြင့် ခွင့်လွှတ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးကို ဖော်ဆောင်ရန် တိုက်တွန်းလိုက်ကြောင်း နိုဝင်ဘာ ၁၇ ရက်နေ့တွင် ထောင်ဝင်စာတွေ့ခဲ့သည့် မယ်တော်နှင့်အစ်မတော်တို့မှတဆင့် မိန့်ကြားလိုက်သည်။ **(RFA 181110)** **[Read More...]**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးသကဲ့သို့ ကျန်ရှိနေသေးသည့် နိုင်ငံရေး အကျဉ်းသား ၂၁၀၀ ကျော်ကိုလည်း အမြန်လွှတ်ပေးရန် အထူးလိုအပ်နေကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ကင်တာနားက နိုဝင်ဘာ ၁၆ ရက်နေ့တွင် ထပ်မံတောင်းဆိုလိုက်သည်။ **(RFA 161110)** **[Read More...]**
- ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း **(Mr. Ban Ki-moon)** သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်ကို နိုဝင်ဘာ ၁၈ ရက်နေ့ ညနေပိုင်းတွင် ၁၅ မိနစ်ခန့် တယ်လီဖုန်းမှတဆင့် တိုက်ရိုက်ပြောဆို ဆွေးနွေးခဲ့ရာ



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးအုန်းကြိုင်ကပြောသည်။ **(VOA 181110)** **Read More...**

- ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် မြန်မာ့အရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာ ၁၈ ရက်နေ့က တံခါးပိတ်ကျင်းပခဲ့သည်ဟု အဝေးရောက်ညွန့်ပေါင်းအစိုးရ **NCGUB** ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက ပြောသည်။ **(RFA 191110)** **Read More...**
- အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများမှ ဦးဆောင်ရေးသားပြုစုသည့် တရားမျှတမှုမရှိသော မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် အပြင်းအထန်ရှုတ်ချရန် ဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာလ ၁၈ ရက် နေ့က ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၉၆ မဲ၊ ကန့်ကွက် မဲ ၂၈ မဲ ကြားနေ ၆၀ မဲဖြင့် အတည်ပြုလိုက်သည်။ **(RFA 191110)** **Read More...** ။ **(VOA 181110)** **Read More...**

## (ခ) အစိုးရများ

- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် နိုဗဲလ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ၇ နှစ်ခွဲကျော် အချုပ်ခံရ ရာမှ လွတ်မြောက်လာသည်ကို အမေရိကန်သမ္မတ ဘားရက် အိုဘားမား၊ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အားခြားနိုဗဲလ်ဆုရှင်များအပါအဝင် ပုဂ္ဂိုလ်များက ၎င်းတို့၏သဘောထားအမြင်များကို ကြေညာချက်ထုတ်ပြန်ပြီးကြိုဆိုကြသည်။ **(Irrawaddy 141110)** **Read More...**
- ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်းက နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာ ၁၅ ရက်နေ့တွင် တယ်လီဖုန်းနှင့် ကိုယ်တိုင်ဆက်သွယ်မှုအပါအဝင် ဗြိတိန်အောက်လွှတ်တော်၌ ဗြိတိန်ပြည်သူများနှင့်အတူ ကြိုဆို ဂုဏ်ပြုကြောင်း ပြောဆိုလိုက်သည်။ **(VOA 151110)** **Read More...**, **Irrawaddy...**
- သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် ဂျူလီယာ ဂေးလ်ဘတ် **(Julia Gillard)** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်းကို ကြိုဆိုလိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများဖြစ်ပေါ်လာရန်အတွက် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန် စစ်အစိုးရကို တိုက်တွန်းလိုက်သည်။ **(VOA 151110)** **Read More...**
- အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဖွဲ့၏ ၂၀၁၁ တွင် အလှည့်ကျ ဥက္ကဋ္ဌဖြစ်လာမည့် နိုင်ငံအနေဖြင့် မြန်မာစစ်အစိုးရကျင်းပခဲ့သည့် ရွေးကောက်ပွဲအပေါ် ဦးဆောင်စစ်ဆေး သုံးသပ်ရန် အင်ဒိုနီးရှား လွှတ်တော်အမတ် ဘူဒီမန်ဆတ်ဂျာမီကိုက နိုဝင်ဘာ ၁၅ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။ **(RFA 151110)** **Read More...**
- အရှေ့တီမောနိုင်ငံ သမ္မတ ရာမို့စ်–ဟိုဆေး ဟော်တာက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာခြင်းကို ဝမ်းသာကြိုဆိုကြောင်းနှင့် ကောင်းမွန်သည့်တိုးတက်မှုလက္ခဏာ တစ်ရပ်အဖြစ် စစ်အစိုးရကိုလည်း ချီးကျူးလိုက်သည်ဟု နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။ **(RFA 151110)** **Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လွတ်မြောက်လာခြင်းကို နိုဘဲယ်ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမောသမ္မတ ရာမို့စ် ဟော့တာ၊ အိုင်ယာလန်နိုင်ငံ လေဘာပါတီပြောခွင့်ရ **Michael Higgins**၊ တောင်အာဖရိကနိုင်ငံ တကာ ဆက်ဆံ ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် မိုလိုဘီ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘာတိုရိုမူလိုတို့က ကြိုဆိုလိုက်ကြသည်။ **(BBC 151110)** **Read More...**
- အမေရိကန်နိုင်ငံအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးနောက်ပိုင်း စစ်အစိုးရ၏ တိုးတက်မှုခြေလှမ်းများကို မျက်ခြေမပြတ် စောင့်ကြည့်နေကြောင်းနှင့် ထိတွေ့ဆက်ဆံမှုအပါအဝင် စီးပွားရေး ပိတ်ဆို့မှုများဆက်ရှိနေမည်ဟု နိုဝင်ဘာလ ၁၅ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရ **P.J Crowley)** ကပြောသည်။ **(RFA 161110)** **Read More...**
- တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက စစ်အစိုးရအနေဖြင့် လမ်းပြမြေပုံ ၇ ချက်အတိုင်းရှေ့ဆက်သွားမည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပြီး မြန်မာ့နိုင်ငံရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် တွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ရေးနှင့်ပတ်သက်သည့် မေးမြန်းချက်ကို ဖြေဆိုရန်ငြင်းဆန်လိုက်သည်ဟု ပီကင်းမှလာသည့် **AFP** သတင်းတွင် ဖော်ပြထားသည်။ **(DVB 161110)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- စစ်တပ်အုပ်ချုပ်ရေးရှိနေသေးသော မြန်မာပြည်တွင် ဒီမိုကရေစီတိုးတက်ရေးအတွက် နည်းလမ်းတစ်ခုအနေဖြင့် အပြုသဘောဆက်ဆံရေးမူဝါဒကို ဆက်လက်ကျင့်သုံးနေဦးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး စဲအိဂျိ မအဲဟာရက နိုဝင်ဘာလ ၁၆ ရက်နေ့က ပြောကြားခဲ့သည်။ **(Yoma3 171110)** [Read More...]
- စစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်ခြင်းသည် အပြုသဘောဆောင်သော်လည်း သောကများ ပတ်လည်ဝိုင်းနေသည့်နိုင်ငံအတွက် ပထမခြေလှမ်းအစမျှသာ ရှိသည်ဟု အမေရိကန်အထက်လွှတ်တော်အမတ် **Mitch McConnell** က ပြောဆိုလိုက်သည်။ **(RFA 181110)** [Read More...]
- အမေရိကန်အောက်လွှတ်တော် အမတ်များက စစ်အစိုးရ ရွေးကောက်ပွဲကို ရှုတ်ချလိုက်ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများပါဝင်ခြင်းမရှိလျှင် မည်သည့်အစိုးရမှ တရားဝင်မည်မဟုတ်ဟု ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(BBC 191110)** [Read More...]
- ကုလသမဂ္ဂ အထွေထွေညီလာခံတွင် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲ ရှုတ်ချမှုကို တရုတ်နိုင်ငံက အပြင်းအထန် ထိုးနှက်တိုက်ခိုက်ကာ အသိအမှတ်မပြုဟု တရုတ်သံအမတ်ကပြောသည်။ **(BBC 191110)** [Read More...]
- ထိုင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးသံအမတ်က ဒေါ်အောင်ဆန်းစုကြည်နှင့် နိုဝင်ဘာ ၁၇ ရက်နေ့က တွေ့ဆုံရာ တွင် နော်ဝေးနိုင်ငံသို့ လည်ပတ်ရန် ဖိတ်ခေါ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်မှလည်း ပြည်ပထွက် လည်ပတ်ခွင့်ရလျှင် ဦးစွာ နော်ဝေးနိုင်ငံသို့ သွားချင်ကြောင်း ပြောဆိုခဲ့သည်ဟု နော်ဝေးနိုင်ငံခြားရေးဝန်ကြီး၏ ကြေညာချက်တွင်ဖော်ပြ ထားသည်။ **(DVB 171110)** [Read More...]
- တရုတ်အစိုးရ၏ တိုက်တွန်းမှုကြောင့် စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ပြင်သစ်တမ္ဘာ နီကိုလပ် ဆာကိုဇီက ပြင်သစ်အခြေစိုက် **AFP** သတင်းဌာနကို ပြောကြားလိုက်သည်။ **(DVB 171110)** [Read More...]
- ဂရိနိုင်ငံဝန်ကြီးချုပ် ဂျော့ချ် ပါပန်ဒရီယိုက ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာ ၁၉ ရက်နေ့တွင် တိုက်ရိုက် တယ်လီဖုန်းနှင့်ဆက်သွယ်ပြီး ပြန်လည်လွတ်မြောက်လာခြင်းကို ဝမ်းမြောက်ကြောင်းနှင့် မြန်မာဒီမိုကရေစီရရှိရေးအတွက် အတတ်နိုင်ဆုံး ကူညီသွားမည်ဟု ပြောဆိုခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်ကပြောသည်။ **(RFA 191110)** [Read More...]
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်က ပြီးခဲ့သည့်ရက် ပိုင်းအတွင်း ဒေါ်အောင်ဆန်းစုကြည်ထံသို့ နှုတ်ခွန်းဆက်သသည့် စာတစ်စောင်ပေးပို့ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် **Mr.Phillip Crowley** ကထုတ်ဖော်ပြောကြားသည်။ **(RFA 201110)** [Read More...]

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ **AI** က ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာသည့် အထိမ်းအမှတ်အဖြစ် မြန်မာပြည်တွင်းသို့ ရေဒီယိုအလုံးရေ ၁ သောင်း အခမဲ့ ထပ်မံပေးပို့မည်ဟု **AI** အဖွဲ့မှ **Mr T. Kumar** က ပြောသည်။ **(RFA 161110)** [Read More . . .]
- ဒေါ်အောင်ဆန်းစုကြည်အား ချစ်ခင်လေးစားသူ အုပ်စုတစ်စုက နိုင်ငံတကာတွင် ရောက်ရှိနေသူများ အထူးသဖြင့် လူငယ်များ ၏ အသံများကို တစုတဝေတည်း တင်ပြနိုင်ရန် ရည်ရွယ်ပြုလုပ်ထားသော **Aung San Suu Kyi (People's Voices)** ဆို သည့်အမည်တတ်ထားသောစာမျက်နှာများသည် **face book** ပေါ်တွင် နိုဝင်ဘာလ ၁၃ ရက်နေ့ကတည်းက စတင်ပြန်နှံ့နေပြီဖြစ်သည်။ **(RFA 181110)** [Read More...]

***End of report/ Saturday, November 20, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA